**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၁၆ /၂၀၁၉
ရက်စွဲ၊၂၀၁၉ – ခုနှစ်၊ ဇွန်လ(၂၆)ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ Naval Hydrographic Centre Myanmar Navy ၏ Notice to Mariners No.30/2019

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ TC Dragon ရေယာဉ်မှ တွဲဆွဲလာသော ရေနံတွင်းတူးစင် (Oil Rig Platform) သည် ဟိုင်းကြီးကျွန်း၏ အနောက်တောင်ဘက် တည်နေရာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၂ . ၃၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ . ၁၂၇ မိနစ်တွင် ရာသီဥတုဆိုးရွားမှုကြောင့် အဆိုပါရေနံတွင်းတူးစင် (Oil Rig Platform) နစ်မြုပ်မှု ဖြစ်ပွားခဲ့ပါသည်။

၂။ အထက်ပါ နစ်မြုပ်ခဲ့သည့် ရေနံတွင်းတူးစင် (Oil Rig Platform) သည် အလျား ၅၃ မီတာ၊ အနံ ၃၃ မီတာခန့်ရှိပြီး ရေမျက်နှာပြင်မှ ရေအနက် မည်မျှထိ ကင်းလွတ်မှု ရှိသည်ကို မသိရှိနိုင်သေးပါ။ ထို့ပြင် ၎င်းသည် ရေစီးကြောင့် မျောပါရွေ့လျားမှု ဖြစ်ပွားနိုင်သဖြင့် အဆိုပါနေရာတစ်ဝိုက်အား လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားလာနိုင်ရေးအတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ကိုကိုနိုင်–ညွှန်ကြားရေးမှူး(SSE)